# PowerPoint မှာ ဓါတ်ပုံနဲ့သီချင်းတွဲလုပ်

စမ်းကြည့်လိုက်ပါ...

(1) PowerPoint 2007 ကိုဖွင့်လိုက်ပါ။
(2) လက်ရှိရှိနေတဲ့ Slide ကို Right Click နှိပ်ပြီး Layout ထဲက Blank ကိုရွေးလိုက်ပါ။
(3) Insert >> Photo Album >> New Photo Album. ကိုကလစ်နှိပ်လိုက်ပါ။
(4) Photo Album ဘောက်စ်ကျလာပါလိမ့်မယ်။ အဲဒီထဲက File/Disk လေးကိုကလစ်နှိပ်လိုက်ပါ။
(5) သဲရင်းတို့ထည့်ချင်တဲ့ ဓါတ်ပုံတွေရှိတဲ့နေရာကိုသွားပေါ့နော်..... ရောက်ရင် ကိုယ်ထည့်ချင်တဲ့ ဓါတ်ပုံတွေကို ရွေးပြီး Select ပေးလိုက်ပါ။ ဓါတ်ပုံအားလုံးဆိုရင်တော့ Ctrl+A ကိုနှိပ်လိုက်ပါ။ ဒါမှမဟုတ် ဓါတ်ပုံအများကြီးထဲကမှ ကိုယ်လိုချင်တဲ့ပုံလေးတွေပဲရွေးထည့်ချင်ရင်တော့ Keyboard ကနေ Ctrl ကိုဖိထားပြီး ကိုယ်လိုချင်တဲ့ပုံ တစ်ပုံချင်းကို ရွေးပြီး ကလစ်ပေးလိုက်ပါ။
(6) Insert ကိုကလစ်နှိပ်လိုက်ပါ။ ဓါတ်ပုံတွေပါတဲ့ slideတွေရလာပီးနော်..
(7)အခု သီချင်းကိုစထည့်ပါတော့မယ်။ Slide No(1)ကို ကလစ်ပေးပြီး Insert >> Sond >> Sound From File ကိုကလစ်နှိပ်လိုက်ပါနော်... Insert Sound ဆိုတာ ကျလာကိုတွေ့ရမှာနော်...
(8)ပုံတွေထည့်သလိုပဲ... သီချင်းဖိုင်ရှိတဲ့နေရာကိုသွားပီး သီချင်းနာမည်ကို selectပေးပြီး Ok ကိုလိုက်ပါနော်။ Automatically ကိုကလစ်နှိပ်လိုက်ပါ။
(9) စပီကာလေးကိုတွေ့ရမှာပါ။ အဲဒါလေးကို Selectပေးပြီး Sound tools >> Option >> Hide During Show နဲ့ Loop Until Stopped နှစ်ခုစလုံးမှာ အမှန်ခြစ်ထည့်ရမယ်နော်....
(10) Play Sound : ဘေးက ဘောက်စ်မှာ Play across slides ကိုရွေးလိုက်ပါနော်...

အခုက slide တွေအားလုံးကို အောတိုသွားချင်ရင်တော့

(1) Animation >> On Mouse Click မှာ အမှန်ခြစ်ဖြုတ်ပီး Automaticall after မှာ အမှန်ခြစ်ထည့်ပြီးတော့ ဘေးကဘောစ်ထဲမှာ ကြာချိန်ကိုသက်မှတ်ပေးလိုက်ပါနော်. (ဥပမာ - 00:02).. ပီးရင်တော့ slide အားလုံးကို ဖြစ်ချင်တဲ့အတွက် Apply to all ကို ကလစ်လိုက်ပါနော်... ဒါဆိုရင်တော့ slide အားလုံးက အောတိုရသွားပါပီး...

Slide တစ်ခုချင်းကို Animation ထည့်လိုက်ပါဦးနော်....
Transition Slide မှာ slide တစ်ခုချင်းကို animation ထည့်သွားလိုက်ရင် သဲရင်းတို့ရဲ့ slideလေးက လှုပ်ရှားမှုလေးတွေနဲ့ဆိုတော့ အဆင်ပြေသွားပီးပေါ့နော်.....